# သင့်မိသားစုအတွက် အသင့်တော်ဆုံး ကစားရေးအုပ်စုကို ရှာယူပါ၊

ကျွန်ုပ်တို့သည် မေးကင်စ ကလေးငယ်များမှအစ ကျောင်းတက်ရန် အရွယ်အထိရှိ ကလေးတသီကြီးအတွက် စုဝေးရန် ရပ်ကွက် ကစားရေးအုပ်စုများကို စီစဉ်ပေးထားပါသည်။

ယင်းကဲ့သို့သော အားလုံးအတွက်ဖြစ်သည့် ကစားရေးအုပ်စု ရာချီတို့သည် NSW တစ်ဝန်းမှာ အပတ်စဉ် တွေ့ဆုံကြပါသည်။ ကျွန်ုပ်တို့ထံတွင် မွေးကင်စ ကလေးငယ်များ၊ ဖခင်များ၊ အဘိုးအဘွားများ၊ တိုင်းရင်းသားလူမျိုးများ၊ ပထမအကြိမ် မွေးခဲ့သည့် မိခင်များ၊ ဘာသာစကား အမျိုးမျိုး စသည်ကို အလေးထားသည့် အုပ်စုများလည်း ရှိပါသည်။ အထူးလိုအပ်ချက်များ ရှိကြသည့် ကလေးများရှိ မိသားစုများအား ပံ့ပိုး ကူညီပေးရန် စီစဉ်ပေးသည့် ကစားရေးအုပ်စုများကိုလည်း စည်းရုံးပေးပါသည်။

NSW ထဲတွင် သင်ကဲ့သို့ မိသားစုများအတွက် အားလပ်နေသည့် နေရာများ ရှိပါသည်။ ကျွန်ုပ်တို့ ဝဘ်ဆိုက်ထဲရှိ ကစားရေးအုပ်စုကို ရှာယူပါ (Find a Playgroup) ရှာဖွေရေး ကိရိယာကို သုံးလျက် သင့်ရပ်ကွက်ထဲရှိ ကစားရေးအုပ်စုကို ရှာကြည့်ပါ။ သင်သည် တစ်စုံတစ်ခုကို မေးမြန်းလိုလျှင်၊ ကျွန်ုပ်တို့၏ ကစားရေးအုပ်စု ကူညီရေး အဖွဲ့ထံ ဖုန်းခေါ်ဆိုပါ။

## ကစားရေးအုပ်စုကို စတင်ကြပါစို့

သင့်အနီးအနားမှာ ကစားရေးအုပ်စု မရှိလျှင်၊ သို့မဟုတ် သင်သည် ဘာသာစကား၊ ယဉ်ကျေးမှု သို့မဟုတ် အထူး အကြောင်းအရာ တစ်ခုခုကို အလေးပေးလိုသည် ဆိုလျှင်၊ ကစားရေးအုပ်စု တစ်ခုကို သင်ကိုယ်တိုင် စတင်နိုင်ပါသည်။ ပိုမိုသိရှိနိုင်ရန်၊ ကျွန်ုပ်တို့၏ ဝဘ်ဆိုက်မှာ ရှာကြည့်ပါ သို့မဟုတ် ကျွန်ုပ်တို့၏ နံပါတ် 1800 ကို ခေါ်ဆိုပါ။

အခမဲ့ ခေါ်ဆိုရန်
**1800 171 882**

**playgroupnsw.org.au**

## PLAYGROUP NSW အဖွဲ့ဝင်

မိသားစုများသည် ကစားရေးအုပ်စု တွေ့ဆုံပွဲ နှစ်ခုကို တက်ရောက်နိုင်ကြပြီး၊ ထို့နောက်မှာ သင်တို့၏ ဒေသထဲက ကစားရေးအုပ်စုထဲတွင် ဆက်လက်ပါဝင်ရန် Playgroup NSW အဖွဲ့ဝင် ဖြစ်လာနိုင်ပါသည်။

မိသားစု အဖွဲ့ဝင်ထဲတွင် ကလေး ငါးဦး နှင့် သူတို့၏ မိဘများ နှင့် အခြားသော စောင့်ရှောက်သူများ ပါဝင်နိုင်ကြပါသည်။

### အဖွဲ့ဝင် ဖြစ်ခြင်း၏ အကျိုးကျေးဇူး အချို့မှာ-

- NSW တစ်ဝန်းရှိ ကစားရေးအုပ်စု တွေ့ဆုံပွဲ 1,000 ကျော်တို့ထဲတွင် အပတ်စဉ် အကန့်အသတ်မရှိ ပါဝင်နိုင်မည
- အထူးစီမံပြုစုထားသည့် ဖက်စုံပါဝင်သည့် အာမခံက သင့်မိသားစုဝင် အားလုံးတို့အတွက် Playgroup NSW မှ စီစဉ်ပေးသည့် ကစားရေးအုပ်စုများ နှင့် ဖြစ်ရပ်များမှာ ကာကွယ်ပေးပါမည်
- အခမဲ့ရရှိမည့် ဩစတြေးလျ ကလေး ကဒ် (Australian Baby Card) အဖွဲ့ဝင် ဖြစ်မှုက အွန်လိုင်း နှင့် ဒေသထဲက လက်လီ ဆိုင်များ နှင့် ဖြစ်ရပ်များထဲတွင် လျှော့ဈေးများကို ခံစားခွင့်ရှိပါသည

### Playgroup NSW အဖွဲ့ဝင် ဖြစ်ရန် လွယ်ပါသည်-

- ကျွန်ုပ်တို့၏ ဝဘ်ဆိုက် playgroupnsw.org.au မှာ “Join Now” သင်္ကေတပုံကို နှိပ်ရန်သာ လိုပါသည်

သင်၏ နှစ်စဉ်ကြေး $39 ကို Playgroup NSW သို့ တိုက်ရိုက် ပေးလိုက်ပါမည်။ ကျန်းမာရေး စောင့်ရှောက်မှု ကဒ် (Health Care Card) ကို ကိုင်ထားသူတို့အတွက် အခွင့်ထူးခံ အဖွဲ့ဝင် (Concession Membership) အဖြစ် $20 လျှော့ပေးပါဦးမည်။ သင်၏ ဒေသဆိုင်ရာ ကစားရေးအုပ်စုသည် လက်မှုပစ္စည်းများ၊ကစားစရာများ နှင နေရာငှါးခ အတွက် နောက်ထပ် အခကြေးငွေ အနည်းငယ်ကို အပတ်စဉ် တောင်းခံနိုင်ပါသည်။

ယနေ့ လာကျတဲ့ပါဝင်ပါ!


T 1800 171 882
W playgroupnsw.org.au
A PO Box 181, Granville NSW 2142


© Playgroup NSW 2017. မူပိုင်ခွင့်များအားလုံး ထိန်းချုပ်ထားသည်။

BURMESE

LET'S GET SOCIAL

Playgroup NSW

ကစားရေးအုပ်စုကို ရှာကြည့်ပါ!



# ကစားရေးအုပ်စု ဆိုသည်မှာ ဘာများလဲ။

ကစားရေးအုပ်စုသည် ကလေးများ နှင့် မိသားစုများအတွက် လက်ရှိ လူမှုကွန်ရက်များထဲက ပထမဦးဆုံး နှင့် အရေးကြီးဆုံး တစ်ခုဖြစ်ပါသည်။

ကစားရေးအုပ်စုသည် မိဘများ၊ အခြားသော စောင့်ရှောက်သူများ၊ ကလေးငယ်များ နှင့် ကျောင်းတက်ရမည့် အသက်အောက်ရှိ ကလေးများ စုစည်းတွေ့ဆုံနိုင်သည့် အလွတ်သဘော အဖွဲ့အစည်း ဖြစ်ပြီး သက်တောင့်သက်သာရှိကာ ခင်မင်ဖွယ်ရာ ဝန်းကျင်ထဲတွင် ကစားရင်းနှင့် သင်ယူကြရန် ဖြစ်ပါသည်။

ကစားရေးအုပ်စုများကို ယေဘုယျအားဖြင့် တစ်ပတ်တစ်ကြိမ် နံနက်အချိန်တွင် ရပ်ကွက်ထဲက နေရာအမျိုးမျိုးမှာ နှစ်နာရီကြာ စည်းရုံးပေးပါသည်။ ၎င်းတို့ထဲတွင် တစ်ခုခုကို လုပ်ကိုင်ခြင်း၊ အဆောက်အဦထဲ သို့မဟုတ် ပြင်ပတွင် ကစားခြင်း၊ ဂီတ နှင့် နံနက် လဘက်ရည် သောက်ခြင်း ပါဝင်နိုင်ပါသည်။

ကစားရေးအုပ်စုက ကျွန်ုပ်၏
ကလေးများအား ချစ်ခင်ရန်၊
လက်တွဲပါဝင်ရန် နှင့် ကစားရသည်မှာ
ပျော်စရာ ကောင်းသည်ကို
သင်ကြားပေးခဲ့ပါသည်။

# ကစားရေးအုပ်စုက သင့်ကလေးအတွက် အကျိုးရှိနိုင်ပုံ

- ကစားမှုမှတဆင့် တီထွင်ဉာဏ်ပါပါ အလွတ်သဘော သင်ယူရေး အခွင့်အလမ်းများကို စီစဉ်ပေးပါသည်
- ကလေးများအတွက် တီထွင်ရေး၊ စဉ်းစားရေး နှင့် ပြဿနာ ဖြေရှင်းရေး အခွင့်အလမ်းများကို စီစဉ်ပေးပါသည
- လူကြီးများ နှင့် ကလေးများက အတူတူ ကစားကြရင်း အချိန် နှင့် အတွေ့အကြုံများကို မျှဝေနိုင်ကြရာ သံယောဇဉ် တွယ်လာကြပါသည
- အခြားသော ရွယ်တူများနှင့် စကားပြောဆိုရကာ ပဋိပက္ခများကို ဖြေရှင်းခြင်း၊ အလှည့်ကျ ကစားရခြင်း၊ မျှဝေခြင်း နှင့် မိတ်ဖွဲ့ခြင်းများ ပြုလုပ်ကြရရာ ကလေးများအား လူမှုရေးထဲ ဝင်ဆံ့နိုင်အောင် ကူညီပေးသည
- သူတို့အား ဖြေရှင်းနည်းသစ်များကို ပိုင်နိုင်လာအောင်၊ ဖိစီးမှုဒဏ်ကို ခံနိုင်အောင် နှင့် အပြောင်းအလဲများအလိုက် ပြောင်းလဲလာအောင် ခံနိုင်ရည်ကို တည်ဆောက်ပေးသည



# ကစားရေးအုပ်စုက မိသားစုများအတွက် အကျိုးရှိနိုင်ပုံ

ကစားရေးအုပ်စုသည် မိမိကဲ့သို့ ဆင်တူ အခြေအနေမျိုးထဲ ရှိနေကြသည့် အခြားသူတို့နှင့် တွေ့ဆုံရန် အံ့ဖွယ် အခွင့်အလမ်းဖြစ်သည်။ ၎င်းက မိတ်ဆွေအသစ်များကို ဖွဲ့ရန်၊ တစ်ဦးမှတစ်ဦး သင်ယူရန် နှင့် သင်နှင့် သင့်မိသားစုအတွက် ပံ့ပိုးရေး ဒေသန္တရ ကွန်ရက်ကို တည်ဆောက်ရေး အခွင့်အလမ်း ဖြစ်ပါသည်။

## ကစားရေးအုပ်စုက သင်နှင့် သင့်မိသားစုအတွက် စီစဉ်ပေးထားသည်မှာ-

- မိမိတို့၏ အတွေးအခေါ်များ၊ အုပ်ထိန်းရေး အတွေ့အကြုံများ၊ စိုးရိမ်မှုများ နှင့် အချက်အလက်များကို မျှဝေပေးခြင်းဖြင့် မိဘများ နှင့် စောင့်ရှောက်သူတို့က တစ်ဦးကိုတစ်ဦး ကူညီပေးနိုင်သည့် နေရာ ဖြစ်သည
- မိသားစုများက သူတို့၏ ကလေးများ ကြီးပြင်းလာရင်း ကျောင်းသို့ ကူးပြောင်းကြစဉ်မှာ ရေရှည် ချစ်ခင်မှုများကို ထူထောင်နိုင်သည့် နေရာ ဖြစ်သည်
- စိတ်တူသူများနှင့် အပြင်ကိုထွက်လျက် ပျော်ရွှင်ရေးအတွက် လွယ်ကူသည့် ပုံမှန် အခွင့်အလမ်း တစ်ခု ဖြစ်သည

ကစားရေးအုပ်စုသည်
ပျော်စရာကောင်းသော လူမှုရေး
အပတ်စဉ် လုပ်ရိုးလုပ်စဉ် တစ်ခု
ဖြစ်သည်။

ကစားရေးအုပ်စုသည် ကျွန်ုပ် နှင့်
အခြားသော မိဘများအတွက်
လူ့အသိုင်းအဝိုင်း ဆိုင်ရာ ပံ့ပိုးရေး
ကွန်ရက် ဖြစ်လာပါသည်။